# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ထုတ်ပြန်ကြေငြာချက်
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

## Commit, Act, Demand – we can end violence against women!!!

**“မဖြစ်မနေလုပ်မယ်လို့ သံဓိဌာန်ချ၊ အရေးယူဆောင်ရွက်ကြ၊ တောင်းဆိုကြ၊ အမျိုးသမီးအပေါ် အကြမ်းဖက်မှုတွေအားလုံး ဒို့တွေ အဆုံးသတ်ပစ်နိုင်တယ်”**

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ၅၄ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၈၃ ကြိမ်မြောက် မျက်နှာစုံညီအစည်းဝေး၏ ဆုံးဖြတ်ချက် ၅၄ /၁၃၄ အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

သို့သော် စစ်ဖြစ်ပွါးရာနယ်မြေတလျှောက်ရှိ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်နေမှုများ အဆုံးသတ်စေရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနှင့် ဆုံးဖြတ်ချက်များချမှတ်၍ တိုက်တွန်းခဲ့သော်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတနိုင်ငံဖြစ်သည့်အပြင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (စီဒေါ) ကို လက်မှတ်ထိုးထားသည့် မြန်မာနိုင်ငံတွင် အုပ်ချုပ်နေသည့် အာဏာသိမ်းစစ်အစိုးရမှာမူ အမျိုးသမီးများ အပေါ်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အစီအစဉ်ရှိရှိ စနစ်တကျကျူးလွန်လျှက်ရှိနေဆဲပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများ အကြမ်းဖက်ခံနေရသည့်ပြဿနာသည် စစ်အုပ်စု၏ ၄င်းတို့အာဏာတည်မြဲရေးအတွက် စစ်တပ်ကို အသုံးချလျှက် လူထုအပေါ်ဖိနှိပ်အနိုင်ကျင့်နေသော စနစ်ဆိုးကြီး၏ အကျိုးဆက်ကြောင့်ဖြစ်သည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် လေးနက်စွာ ရှုမြင်သုံးသပ်မိပါသည်။

စစ်အစိုးရမှ တိုင်းရင်းသူအမျိုးသမီးများနှင့် ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုများ နေ့စဉ်နှင့်အမျှ အစီအစဉ်ချ ကျူးလွန်နေခြင်းသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်ဆန္ဒမရှိခြင်း၏ လက္ခဏာရပ်တခုအဖြစ် ဖေါ်ပြနေသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီစနစ်တည်ဆောက်ရေးအတွက် အဓိကကျသော နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးခြင်းမရှိဘဲ ဆက်လက်ထိမ်းသိမ်းထားခြင်းမှာလည်း ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို မလိုလားကြောင်းကိုလည်း သိသာထင်ရှားစွာ ဖေါ်ထုတ်ပြသနေခြင်းပင်ဖြစ်ပေသည်။

ထို့အပြင် ပြည်သူလူထု၏ဘဝကိုအာမခံချက်မပေးသည့် ၎င်းတို့အလိုကျရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံတွင် အာဏာရှင်စစ်ခေါင်းဆောင်အဆက်ဆက် ကျူးလွန်ခဲ့သည့် ပြည်သူလူထုအပေါ် အကြမ်းဖက်ကျူးလွန်ခဲ့မှုများအတွက် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးထားသည့် ဥပဒေများကို ထည့်သွင်းရေးဆွဲထားသည်။ ထို ၂၀၀၈ ဖွဲ့စည်းပုံပါ အပိုဒ် (၄၄၅) အရဆိုလျှင် စစ်ခေါင်းဆောင်များနှင့် အပေါင်းပါများအား ပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် လူ့အခွင့်အရေးချိုးဖေါက်ကျူးလွန်မှုများကို သွယ်ဝိုက်သောနည်းဖြင့်ပိုမိုခွင့်ပြုထားပြီး အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ပိုမိုခြိမ်းခြောက်နေခြင်းပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ၎င်းဖွဲ့စည်း ပုံကိုအသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲအား လုံးဝဆန့်ကျင်ကန့်ကွက်ကြောင်း ယနေ့တွင် ထုတ်ဖေါ်ပြောကြားလိုပါ သည်။

မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း စစ်တပ်မှ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်နေမှုများအပေါ် ဥပေက္ခာပြုပစ်ပယ်နေမှုများကို အမြန်ဆုံးစုံစမ်းစစ်ဆေးပေးပါရန် တောင်းဆိုအပ်ပါသည်။

ထို့အပြင် အာဆီယံနိုင်ငံများအားလည်း ဒေသတွင်းအမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးဆိုင်ရာ ကြေငြာစာတမ်းအပေါ် အလေးထားလျှက် အာဆီယံ၏ စစ်အစိုးရအပေါ် အပြုသဘောဆက်ဆံရေး ကာလသက်တမ်းအတွင်း မြန်မာနိုင်ငံမှ အမျိုးသမီး

များအပေါ် အကြမ်းဖက်မှုများသည်လည်း ဆထက်တပိုး တိုးပွါးလျှက်ရှိနေကြောင်း သတိချပ်ကာ မြန်မာနိုင်ငံ အပေါ်ထားရှိသည့် မူဝါဒများကို ပြန်လည်သုံးသပ်၍ မိမိတို့၏တောင်းဆိုမှုများကို ထောက်ခံပံ့ပိုးမှုပေးရန် အလေးအနက် တိုက်တွန်းလိုပါသည်။

စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် တိုင်းရင်းသူအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဖြင့် ရာဇဝတ်မှုများ အစီအစဉ်ချ ကျူးလွန်နေခြင်းအပေါ် အဓိကတာဝန်ရှိသူ စစ်ခေါင်းဆောင်များအား နိုင်ငံတကာရာဇဝတ်မှု တရားခုံရုံးတွင် အမြန်ဆုံး အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပရှိ တရားမျှတမှုအပေါ် အလေးပေးရပ်တည်လျှက်ရှိသော အင်အားစုအားလုံးနှင့်အတူ ဆက်လက် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိမိတို့မှထုတ်ပြန် ကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန်**
တင်တင်နွယ် – (+၆၆) ၈၇ ၈၄၉၉၃၃၂
သင်းသင်းအောင် – (+၉၁၉) ၈၉၁ ၂၅၂၃၁၆
စောစံငြိမ်းသူ – (+၆၆) ၈၀ ၇၉၂၀၄၄၅